**အုတ်ဖုတ်လိုင်စင်လျှောက်ထားမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

**၁။ လျှောက်ထားသူကာယကံရှင်မှမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားရာတွင် ပါရှိမည့်အချက်များ**

(က) လျှောက်လွှာ။ (လျှောက်လွှာတွင်တံဆိပ်ခေါင်းကပ်လျှက် ကွင်းဆင်းဦးပိုင်များ ဖော်ပြသော မြေပုံကြမ်းလျှောက်ထားရန်)

( ခ) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၏မြေစာရင်းပုံစံ (၁၀၅၊၁၀၆)။

( ဂ) မြေပိုင်ဆိုင်မှုအထောက်အထား။

(ဃ) လျှောက်ထားမြေသည် လယ်မြေ၊ ယာမြေ (သို့မဟုတ်) မြေလွတ်မြေရိုင်း ဖြစ်ပါက အခြားနည်းအသုံးပြုခွင့်(သို့မဟုတ်) မြေလွတ်မြေရိုင်းလုပ်ကိုင်ခွင့် ရရှိရပါမည်။

( င) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ သဘောထား ထောက်ခံချက်။

( စ) မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ထောက်ခံချက်။

(ဆ) လုပ်ငန်းဆောင်ရွက်မည့်အစီအမံနှင့်ဓါတ်ပုံမှတ်တမ်း။

( ဇ) ဘေးပတ်ဝန်းကျင်ထွက်ဆိုချက်၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ သဘောထား ထောက်ခံချက်။

( ဈ) မြို့နယ်မီးသတ်ဦးစီးဌာန၏ ထောက်ခံချက်။

**၂။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စိစစ်ဆောင်ရွက်ရမည့်အချက်များ**

(က) လျှောက်လွှာပါကွင်းအမှတ်နှင့် ဦးပိုင်အမှတ် မှန်/မမှန်မြို့နယ်အုပ်ချုပ်ရေးမှူး ကွင်းဆင်းစစ်ဆေးပြီး မှန်ကန်ကြောင်းလက်မှတ်ရေးထိုးပေးရမည်။

(အောက်မြန်မာပြည် မြေနှင့်အခွန်နည်းဥပဒေ ၁၀၇ စီစီ)

(ခ ) မြို့နယ်အုပ်ချုပ်ရေးမှူးမှ လျှောက်ထားသည့်မြေနေရာအား သွားရောက်စစ်ဆေးရာတွင် လျှောက်လွှာတွင်ပါရှိသော မြေကွက်၊ ဦးပိုင်အမှတ်များ မှန်/မမှန်လမ်းမကြီးနှင့် ပေ ပေါင်း (၆၀၀)၊ လူနေအိမ်နှင့်ပေပေါင်း(၃၀၀)၊ မြို့နယ်စည်ပင်နယ်နိမိတ်နှင့်(၁)မိုင် ဝေးကွာခြင်းရှိ/မရှိ စစ်ဆေးရမည်။ (အောက်မြန်မာပြည်မြေနှင့်အခွန်နည်းဥပဒေ၁၀၇စီစီ)

**မှတ်ချက်။** အထက်ပါအကွာအဝေးများ မကိုက်ညီလျှင် အုတ်ဖုတ်လိုင်စင် ခွင့်ပြုမည် မဟုတ်ပါ။

(ဂ ) မြို့နယ်အုတ်ဖုတ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးပြီးအမှုတွဲကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြရန်။

## ၃။ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စိစစ်ဆောင်ရွက်ရမည့်အချက်များ

(က) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တင်ပြလာသော အမှုတွဲများအား ပြည့်စုံမှု ရှိ/မရှိ စိစစ်ရန်နှင့် ခရိုင်အုတ်ဖုတ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဖြင့် စိစစ်ရန်။

(ခ ) မြေစေးနယ်စက်အရေအတွက် လုံးရေမည်မျှရှိသည်ကိုစစ်ဆေးရန်။ (အုတ်ဆိုင်း အရေအတွက်ဖော်ပြရန်)

(ဂ ) တည်ဆဲဥပဒေနှင့်အညီအခွန်အခများကောက်ယူ၍ လိုင်စင်ခပေးသွင်းပြီးမှသာ လျှင် လိုင်စင်ထုတ်ပေးရန်။

(ဃ) ခရိုင်အုပ်ချုပ်ရေးမှူးမှ (၁)နှစ်သက်တမ်းရှိသော လိုင်စင်ထုတ်ပေးရန်။ (လိုင်စင်ထုတ်ပေးချိန်မှစ၍ နောင်နှစ် ဇွန်(၃၀)ရက်နေ့အထိ)

## ၄။ ကြီးကြပ်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

- ခရိုင်အုပ်ချုပ်ရေးမှူးသည် ဥပဒေစည်းကမ်းချက်များနှင့်အညီ ကြီးကြပ်ဆောင်ရွက် သွားပါမည်။